## ဥရောပ အစ္စလာမ်သာသနာ

အစ္စလာမ် သာသနာသည် အေဒီ ၇ ရာစု မတိုင်မီ သို့မဟုတ် အစ္စလာမ်သာသနာ စတင်ပေါ်ပေါက်ပြီး နှစ် တစ်ရာ အတွင်းမှပင် ဥရောပသို့ ရောက်နှင့် လာပြီး ဖြစ်သည်။ အရှိန်အဟုန်ဖြင့် ပြန့်နှံ့လာသော အစ္စလာမ်များကို တားဆီးရန် အတွက် အေဒီ ၈ ရာစုတွင် စပိန် ခရစ်မင်းဆက်သည် အစ္စလာမ် အင်အားစုများကို စတင် ထိုးစစ်ဆင်ခဲ့ပြီး နောက်ပိုင်းတွင် ဥရောပမှ ခရစ်ယာန် လူမျိုးကြီး ဝါဒီများက သူတို့၏ သာသနာပြုစစ် (ကရူးဆိတ်) စစ်ပွဲများ ဆင်နွှဲကာ မူဆလင် များကို အကြီးအကျယ် နှိပ်ကွပ်သတ်ဖြတ်ခဲ့ပေသည်။ အထူးသဖြင့် စပိန် ရီနေးဆန်းခေတ်တွင် မူဆလင်များ မြောက်များစွာ သတ်ဖြတ်သုတ်သင်ခံရပြီး အစ္စလာမ် အနုပညာ လက်ရာများသည်လည်း အကြီးအကျယ် ဖျက်ဆီးခံလိုက်ရပေသည်။ သို့သော် အော်တိုမင် အင်ပါယာ လက်အောက်တွင် ဘောလ်ကန်ဒေသများနှင့် ဥရေပ အလယ်ပိုင်း ဒေသများသို့ အစ္စလာမ် သာသနာ ပြန့်ပွားခဲ့ပေသည်။

အနောက်ကမ္ဘာမှ ကိုလိုနီပြုထားသော ကာလများတွင်လည်း အိန္ဒိယတိုက်ငယ်၊ အာဖရိကနှင့် အခြားသော မူဆလင် နိုင်ငံများမှ အစ္စလာမ်သာသနာဝင်များသည် မိမိအား ကိုလိုနီပြုထားရာ ဥရောပနိုင်ငံများသို့ သွားရောက် နေထိုင်ခွင့်များ ရခဲ့ပြီး အချေချ နေထိုင်မှုများ ဖြစ်ခဲ့သည်။

သို့သော် ၁၉၉၀ မတိုင်မီကာလနှင့် နောက်ပိုင်း ယူဂိုလဆလားဗီးယား ပြိုကွဲသော အချိန်တွင်မှ ဥရောပရှိ မူဆလင်များကို ကမ္ဘာမှ သတိထားမိလာခဲ့ပြီး၊ ဥရောပ မူဆလင်နိုင်ငံများ ပေါ်ထွက်လာခဲ့သည်။ ထို့နောက်တွင် ကမ္ဘာအရပ်ရပ်မှ နိုင်ငံရေး၊ စီးပွားရေး အခက်အခဲ အမျိုးမျိုးကြောင့် ဥရောပနှင့် နီးစပ်သော နိုင်ငံများနှင့် ကမ္ဘာ့အရပ်ရပ်မှ မူဆလင်နိုင်ငံများမှ အစ္စလာမ် သာသနာဝင်များ၏ ပြောင်းရွှေ့လာမှုမှာ အလုံးနှင့် အရင်းနှင့် ဖြစ်လာခဲ့သည်။ ထို့အပြင် ဥရောပသားများနှင့် မြောက်အမေရိက တိုက်သားများ၏ အစ္စလာမ်သို့ ဝင်ရောက်လာ မှုမှာ စရင်းပြုနိုင်သော လူဦးရေ တစ်ရပ်ဖြစ်လာခဲ့သည်။ သို့ဖြင့် လက်ရှိ ဥရောပ၏ အနည်းဆုံး လူဦးရေ ၂၀ ရာနှုန်းမှာ အစ္စလာမ် သာသနာဝင်များ ဖြစ်လာပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com